# Highlights from DVB Debate’s Concluding Hate Speech Show

## October 15, 2016

## “How to stop Hate Speech?”

“အမုန်းစကားဆိုတာထက် အန္တရာယ်ဖြစ်တဲ့ စကားရပ်တွေ၊ လုပ်ဆောင်ချက်တွေ၊ အပြုအမူတွေလို့ ပြောတာ ပိုသင့်တော်တာရှိတယ်။ အဲဒါမျိုးက ဘယ်မှာဖြစ်လို့ဆိုရင် တဦးတယောက်ရဲ့ ကိုယ်နဲ့ မတူတဲ့အချက်တွေ. တဦးတယောက်ရဲ့ အသွင်အပြင်ကနေစပြီးတော့ ကွဲပြားခြားနားမှုတွေကို ဆန့်ကျင်ပြီး ပြောဆိုတာ၊ လှုံ့ဆော်ပြောဆိုတာမျိုးပေါ့။ သူ့ရဲ့ လူသားဖြစ်ခွင့်၊ လူသားရပိုင်ခွင့်. ဂုဏ်သိက္ခာတွေ အဲဒါတွေ အားလုံးကို ဆန့်ကျင် လှုံ့ဆော်ပြောဆိုတာမျိုးတွေ”

ဦးဟန်ဇော် - ပန်င်မြန်မာ အဖွဲ့ဝင်၊ အယ်ဒီတာ(Info Digest Media House)

---

“ဒီမိုကရေစီကို အကြောင်းပြုပြီးတော့မှ လွတ်လပ်စွာပြောမယ်ဆိုပြီး ပရမ်းပတာပြောမယ်ဆို အမုန်းစကားဖြစ်သွားနိုင်တယ်။ ဒီမိုကရေစီမှာ လွတ်လပ်စွာပြောဆိုခွင့် ရှိတယ်၊ လွတ်လပ်စွာရေးသားခွင့်ရှိတယ် သို့သော် တဖက်ကလည်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၁(ဃ)မှာ ပြဋ္ဌာန်းထားတယ်. လွတ်လပ်မှုတွေရှိသော်လည်းပဲ ပြောတဲ့လုပ်တဲ့သူတွေ တဦးချင်းမှာ တာဝန်တွေရှိတယ်။”

ဦးလှဝင်း - ဗဟိုကော်မတီဝင်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)

---

“လွတ်လပ်စွာပြောဆိုခွင့်ဆိုတာ ကိုယ့်ရဲ့အမြင်၊ အတွေးအခေါ် အယူအဆ ဒါတွေကို ပွင့်ပွင့်လင်းလင်း ပြောဆိုခွင့်ရှိတယ်။ ဒါပေမယ့် ကျမတို့ ဒီမိုကရက်တစ် အသိုင်းအဝိုင်းမှာ တာဝန်ယူမှု၊ တာဝန်ခံမှုက အရေးကြီးပါတယ်။ ကိုယ်ပြောတဲ့ စကားတခွန်းဟာ လူတဖက်သားရဲ့ ဂုဏ်သိက္ခာ၊ လူတဖက်သားရဲ့ မွေးရာပါ အခွင့်အရေးကို ထိခိုက်နစ်နာစေတဲ့ စကားမဟုတ်ဘူး”

ဒေါ်ဖြူဖြူသီ - သုတေသနနှင့်ဖွံ့ဖြိုးရေး မန်နေဂျာ၊ မြန်မာအိုင်စီတီဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

---

“ဘယ်လိုရပ်တန့်အောင် လုပ်မလဲ ဥပဒေပြဋ္ဌာန်းချက်နဲ့ ကာကွယ်ပြဋ္ဌာန်းဖို့ လိုအပ်တယ်. လုပ်ပိုင်ခွင့်ရှိတယ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၆၄ မှာပြောထားတယ် အမုန်းစကားတွေရှိနေတယ် အမုန်းစကားတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်တယ်။ အမုန်းစကားပြောသူတွေကို ဟန့်တားဖို့အတွက်၊ အပြစ်ပေးဖို့အတွက် ဥပဒေတခု ပြဋ္ဌာန်းရမယ်လို့ ပြောထားတယ်။”

ဦးလှဂင်း - ဗဟိုကော်မတီဂင်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)

"ရင်ထဲက အမုန်းတရား ဒါက စိတ်ခံစားမှုလေ၊ ဥပဒေနဲ့သွားပြောလို့ ဒီဥပဒေက ဘယ်လိုမှ မသင့်တော်ဘူး၊ ဒီဥပဒေက မပြဋ္ဌာန်းသင့်တဲ့ ဥပဒေပဲ။ အမုန်းတရားတို့ မေတ္တာတရားတို့ လောက လောကကြီးမှာ ဆန့်ကျင်ဖက်သဘောတရားတွေ ပေါင်းဖက်နေတာပဲ။ အချစ်ရှိရင် အမုန်းရှိမယ်။ အချိုရှိရင် အခါးရှိမယ်။ အပူရှိရင် အအေးရှိမယ်။ ဒါက သဘာဂတရားကို ဆန့်ကျင်နေတဲ့ ဥပဒေဖြစ်နေတယ်။ လုံးဂမလိုအပ်ဘူး။"

မောင်သွေးချွန် - အယ်ဒီတာချုပ်၊ အောင်ဇေယျတုဂျာနယ်

---

"ကျနော့်ကို ငမဲကောင်၊ ကုလား အဲလိုပြောရင် ကျနော် မေတ္တာပျက်ပါတယ်၊ အဲလူကို မချစ်နိုင်ပါဘူး။ ဒါ အမုန်းတရားဖြစ်စေပါတယ်။ အမုန်းတရားပြောတဲ့သူကို မပြောပါနဲ့လို့ ကျနော်တော့ အကြံမပြုဘူး။ ကျနော်အကြံပြုချင်တာက အမုန်းတရားပြောတဲ့ ဘယ်ဘာသာပဲဖြစ်ဖြစ် အဲဒီပုဂ္ဂိုလ်တွေကို စင်ပေါ်မတင်ပါနဲ့ လျစ်လျူရှုပါ။"

ကိုတင်ထွန်းဦး - ပရိသတ်

---